တောအုပ်ထဲက

# တစ္ဆေတပ်စိတ်

ဇော်မင်းအောင်



# တောအုပ်ထဲက တစ္ဆေတပ်စိတ်

ပရလောက အကြောင်းများအား ရောက်တတ်ရာရာ စဉ်းစား တွေးတော ကြည့်မိပါက စာရေးသူ၏ မိခင် ငယ်ဘဝက သူတို့ တစ်မိသားစုလုံး ကြုံတွေ့ခဲ့ရဖူးသော ထိတ်လန့် ချောက်ချားဖွယ်ရာ ဖြစ်ရပ်တစ်ခုကို ပြန်ပြောင်း အမှတ်ရ ရ လာလေ့ ရှိပါသည် ။

တစ်ခေတ်တစ်ခါက ထိုအကြောင်းအရာကို ပြန်လည် ရေးသားတင်ပြရပါမူ စာရေးသူ၏ အဘိုးသည် မြန်မာ့လွတ်လပ်ရေး ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် မတိမ်းမယိမ်း အရွယ်မျှ ရှိကာ ဒုတိယကမ္ဘာစစ်တုန်းက 'ကျားကြောက်၍ ရှင်ကြီးကိုး ရှင်ကြီး ကျားထက်ဆိုး' ဆိုသလို ကိုလိုနီ ဗြိတိသျှများ ထက် ပိုမို ဆိုးရွားခဲ့ကြသော ဖက်ဆစ် ဂျပန်များအား ရရာလက်နက် ဆွဲကိုင် တော်လှန်ခဲ့ကြစဉ်က တစ်ထောင့် တစ်နေရာမှ တက်တက်ကြွကြွ လှုပ်ရှား ပါဝင်ခဲ့ဖူးသူ ကရင်တိုင်းရင်းသား တစ်ဦး ဖြစ်ပါသည် ။ ဒုတိယ ကမ္ဘာစစ်ကြီး ပြီးဆုံးသွားပြီးနောက် တိုင်းရေးပြည်ရေး အခြေအနေ အရပ်ရပ်များ ပြန်လည် ငြိမ်သက်သလို ရှိလာခိုက်တွင် အဘိုးသည် 'တစ်ရွာမကောင်း သူကောင်းမဖြစ်' ဟူသည့် စကားပုံကို လက်ကိုင်ထားလျက် ရေကြည်ရာ မြက်နုရှာကာ အထက် မြန်မာပြည်တစ်ဝိုက် လှည့်လည် သွားလာနေခဲ့စဉ် ဗမာတိုင်းရင်းသူ အဘွားနှင့် ဖူးစာဆုံခဲ့ရချေ၏။ အဘိုးသည် အဘွားကို လက်ထပ် ထိမ်းမြားခဲ့ပြီးနောက် ခက်ခဲ ကြမ်းတမ်းလှသော လောကဓံ အခက်အခဲဟူသမျှကို နဂို

ထက် ဆယ်ဆ အန်တုဖို့ ရန်အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပေါကြွယ်ဝရာ ရန်ကုန်မြို့တော်ကြီးသို့ ပြောင်းရွှေ့ အခြေချ လာခဲ့ပါသည် ။

ထိုသို့ဖြင့် နှစ်ပေါင်း အတန်မျှ ကြာသောအခါ အဘိုးနှင့် အဘွားတို့သည် စာရေးသူ၏ မိခင်အပါအဝင် သား သမီး လေးယောက်အား အလျင်ဦးစွာ မွေးဖွား သန့်စင်ခဲ့ကြ၏ (စာကြွင်း။ ။ စာရေးသူ၏ မိခင်တို့ ညီအစ်ကို မောင်နှမစာရင်းသည် စုစုပေါင်း ရှစ်ယောက် ရှိသော်လည်း ယခုဇာတ်လမ်း ဖြစ်ပျက်ချိန်ကာလက လေးယောက်သာ ဖွားမြင်ကြပါသေးသည် ။)။ ထိုသားသမီး လေးယောက်၌ စာရေးသူ၏ မိခင်သည် သုံးယောက်မြောက် ဖြစ်ပြီး၊ သူ၏ အထက်တွင် အစ်မကြီး တစ်ယောက်နှင့် အစ်ကိုကြီးတစ်ယောက် ရှိ၍ သူ၏ အောက်တွင် ညီမငယ် တစ်ယောက်တို့ ရှိကြပါသည် ။ ဤတိုးပွားလာသော မိသားစုစာရင်းကြောင့် အဘိုးသည် ရှာဖွေသမျှ မလောက်မင ဖြစ်လာလျက် နေရေးထိုင်ရေး အဆင်မပြေ ဖြစ်လာခဲ့သောကြောင့် ကိုယ်ပိုင်အိမ်ခြံ မပိုင်ဆိုင်သေးသည့် ဘဝတွင် အိမ်ငှား စရိတ်များ ပင် မတတ်နိုင် ရှာတော့သည့် အခြေအနေသို့ ဆိုက်ရောက် လာခဲ့လေလျှင် အထင်ကရ တန်ခိုးကြီးဘု ရားတစ်ခုအနား လူသူ အရောက်အပေါက် ရှိဟန်မတူသော တောအုပ်ကြီး တစ်ခုထဲတွင် နေရာ အကွက်အကွင်း ကောင်းကောင်း တစ်ခုကို ရှာ၊ ထိုနေရာမှ ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင် ရှင်းလင်းကာ တဲအိမ်လေးတစ်ခုကို ကိုယ်တိုင် ဆောက်လုပ် ယူလိုက်ပြီးနောက် ထိုဌာနေသို့ ပြောင်းရွှေ့ ခဲ့လေတော့၏။

အဆိုပါ တောအုပ် အတွင်းသို့ ပြောင်းရွှေ့ လာခဲ့ကြပြီးနောက်တွင် သူတို့ မိသားစုဘဝသည် အသစ်တစ်ဖန် ပြန်လည် ရှင်သန် လာသယောင် များ စွာ အဆင်ပြေ ချောမွေ့ခဲ့သည် ဟု ဆိုရပါမည်။ အဘိုးသည် အိမ်

လခ ကုန်စရာ မရှိသော သူ၏ တဲအိမ် အသစ်ကလေးတွင် မိသားစုများ စားလောက်အောင် ရှာဖွေနိုင်လာခဲ့ပြီး အိမ်ပြန်ချိန်များ နောက်ကျသည် အထိလည်း အခြား အချိန်ပိုင်း အလုပ်များကို ပူးတွဲ လုပ်ကိုင် လာခဲ့ပါသည် ။ ထို့ကြောင့် ယခင်ထက်စာပါက များ စွာ အဆင်ပြေလာခဲ့ပြီ ဖြစ်သော အသိုက်အမြုံလေးသည် တောအုပ်ထဲမှ တဲအိမ်ကလေးတွင် သာသာယာယာ ရှိခဲ့ပေ၏။ သို့သော် တစ်ရက်သော အခါတစ်ပါးတွင် ထိတ်လန့် တုန်လှုပ်စရာ ကောင်းလှသော ဖြစ်ရပ်တစ်ခုသည် မိသားစုတွင် ဤသို့ အစပြုခဲ့ချေတော့သည် ။